# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန



ဦးစားပေး စက်မှု/လက်မှု ကဏ္ဍ (၉) ခုအောက်ရှိ စက်ရုံ/အလုပ်ရုံ အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

၂၉-၃-၂၀၁၈

ဦးတင်မင်းထူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ECD

# Contents




- နိဒါန်း
- ဦးစားပေး စက်မှုလက်မှုကဏ္ဍ (၉) ခု
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၅၅
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၆
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၇
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၃(ဓ)
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အဓိက ပါဝင်ရမည့်အချက်များ
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြခြင်း လုပ်ငန်းစဉ်

# နိဒါန်း



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၅၅ ပါ ပြဋ္ဌာန်းချက်အတိုင်း မြန်မာနိုင်ငံ တစ်ဝန်း တည်ထောင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော EIA သို့မဟုတ် IEE ပြုလုပ်ရန် တာဝန်ရှိသည့် စက်ရုံ၊ အလုပ်ရုံများအနက် စက်မှုလက်မှုကဏ္ဍ (၉) ခု အောက်ရှိ လည်ပတ်ဆောင်ရွက်လျက် ရှိသော စက်ရုံ၊ အလုပ်ရုံ အမျိုးအစား များသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၇၆ နှင့် ၇၇ တို့နှင့်အညီ ယှဉ်တွဲပါ သတ်မှတ်အချိန် ကာလအတွင်း ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲပြီး MoNREC သို့ တင်ပြအတည်ပြုချက်ရယူ၍ EMP ပါ သတ်မှတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အမိန့်ကြော်ငြာစာအမှတ် (၀၃/၂၀၁၈) ကို ထုတ်ပြန်ခဲ့ပါသည်။

# ဦးစားပေး စက်မှုလက်မှုကဏ္ဍ (၉)ခု



| စဉ် | လုပ်ငန်းအမျိုးအမည် |
|---|---|
| ၁ | အရက်၊ဝိုင်၊ဘီယာ ထုတ်လုပ်ခြင်းလုပ်ငန်း<br>(Alcohol, Wine& Beer Production Factories) |
| ၂ | အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ခြင်းလုပ်ငန်း<br>(Food & Beverage Processing Facilities) |
| ၃ | ပိုးသတ်ဆေးအမျိုးမျိုးထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့် ထည့်သွင်း ထုပ်ပိုး ခြင်း လုပ်ငန်း<br>(Pesticide Manufacturing, Formulation and Packaging Plants) |
| ၄ | ဘိလပ်မြေနှင့်ထုံးထုတ်လုပ်ခြင်း လုပ်ငန်း<br>(Cement and Lime Manufacturing) |
| ၅ | အဝတ်အထည်နှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း<br>(Textile and Dying Facilities) |
| ၆ | သတ္တုအရည်ကျိုပုံလောင်းခြင်းလုပ်ငန်း(Foundry Industry) |
| ၇ | သားရေနယ်စက်ရုံလုပ်ငန်း<br>(Tanning and Leather Finishing) |
| ၈ | ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်း လုပ်ငန်း<br>(Pulp and Paper Mill) |
| ၉ | သကြားစက်ရုံလုပ်ငန်း<br>(Sugar Manufacturing Plant) |

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၅၅



- ဤနည်းဥပဒေ မထုတ်ပြန်မီက တည်ထောင်ထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်တာဝန်ရှိသည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုဆောင်ရွက်သည့်အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည်-
  - (က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။
  - (ခ) ဝန်ကြီးဌာနက စိစစ်သုံးသပ်ပြီးအတည်ပြုသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များကို ဝန်ကြီးဌာနက သတ်မှတ်သည့် အချိန်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၇၆



နည်းဥပဒေ ၅၅(က) အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြရန် လိုအပ်သည့် စီမံကိန်းအမျိုးအစား သို့မဟုတ် ဝန်ကြီးဌာနက ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၂၄ အရ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြရန် လိုအပ်ကြောင်း သတ်မှတ်သည့် စီမံကိန်းအမျိုးအစားအတွက် စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်းကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အပိုဒ် ၁၈ နှင့်အညီ လုပ်ငန်းလိုင်စင်——ရယူထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုခန့်အပ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၇၇



စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အပိုဒ် ၆၃(ဇ) ပါ ဝန်ကြီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် အောက်ပါအချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုဝန်ခံချက်နှင့်အတူ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဦးစီးဌာနသို့တင်ပြရမည်။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို စာရွက်စာတမ်းအပြည့်အစုံဖြင့်လည်းကောင်း၊ ဒီဂျီတယ်ပုံစံဖြင့် လည်းကောင်း ဦးစီးဌာနကသတ်မှတ်သည့် ဝန်ဆောင်ခပေးသွင်းစေ၍ ဦးစီးဌာနသို့ တင်သွင်းရမည်-

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာကြောင်းနှင့် ပြည့်စုံကြောင်း၊

(ခ) ဤလုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲထားကြောင်း၊

(ဂ) စီမံကိန်းသည်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲလိုက်နာဆောင်ရွက် မည်ဖြစ်ကြောင်း။

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၃ (ဈ)



ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(၁) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက် ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလစသည့် စီမံကိန်း လုပ်ငန်းအဆင့်အလိုက် အကြောင်းအရာဖော်ပြချက်၊

(၂) စီမံကိန်း၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေးဆိုင်ရာနှင့် လိုအပ်ပါက ကျန်းမာရေးဆိုင်ရာ မူဝါဒ၊ ကတိကဝတ်၊ ဥပဒေဆိုင်ရာလိုအပ်ချက်နှင့် ဖွဲ့စည်းမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ၊

(၃) ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် လျော့နည်းစေရန် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် ယေဘုယျ အသုံးစရိတ်၊

(၅) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက် ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလစသည့် စီမံကိန်း လုပ်ငန်းအဆင့်အလိုက် စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု အစီအစဉ်ခွဲများနှင့်စပ်လျဉ်း၍ ဆူညံမှု၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့် ရေဆိုးများ၊ လေအရည်အသွေး၊ အန္တရာယ်ရှိပစ္စည်း၊ ရေအရည်အသွေး၊ တိုက်စားမှုနှင့် နုန်း အနည်ကျမှု၊ ဇီဝမျိုးစုံမျိုးကွဲ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်၊ အလုပ် အကိုင်နှင့် လေ့ကျင့်သင်ကြားမှုနှင့် အရေးပေါ်တုန့်ပြန်မှု စသည့် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးမှု ကိစ္စရပ်များ ဖော်ပြချက်၊

(၆) အစီအစဉ်ခွဲအလိုက် ပါဝင်ရမည့် အကြောင်းအရာများ၊

- (ကက) ရည်ရွယ်ချက်များ၊
- (ခခ) ဥပဒေဆိုင်ရာလိုအပ်ချက်များ၊
- (ဂဂ) လွှမ်းခြုံမြေပုံကြီးများ၊ လုပ်ငန်းခွင်အလိုက်မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊
- (ဃဃ) အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်
- (ငင) စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊
- (စစ) စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များ၊
- (ဆဆ) ရန်ပုံငွေလျာထားချက်နှင့် တာဝန်များ။

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အဓိက ပါဝင်ရမည့်အချက်များ



- အကျဉ်းချုပ်အစီရင်ခံစာ
- စက်မှုလက်မှုလုပ်ငန်း၏အကြောင်းအရာဖော်ပြချက်
- မြေပုံ နှင့် ကားချပ်များ
- ကတိကဝတ်
- မူဝါဒ၊ဥပဒေနှင့် မူဘောင်များ
- လက်ရှိပတ်ဝန်းကျင်အခြေအနေ
- ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများထိခိုက်နိုင်မှုလျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ် များ
- အဖွဲ့အစည်းနှင့် ရန်ပုံငွေလျာထားချက်
- Corporate Social Responsibility – CSR
- လုပ်ငန်းအနေအထားပေါ်မူတည်၍ အခြားလုပ်ငန်းအစီအစဉ်များရှိပါက ထည့်သွင်းဖော်ပြရန်

| ၁ | **အကျဉ်းချုပ်အစီရင်ခံစာ** | |
|---|---|---|
| ၁.၁ | အစီရင်ခံစာတစ်ခုလုံးကို လွှမ်းခြုံဖော်ပြသောအစီရင်ခံစာအကျဉ်းချုပ်အား(အင်္ဂလိပ်/မြန်မာ) ဖြင့် ဖော်ပြရန်၊ သိသာထင်ရှားသည့် တွေ့ရှိချက်များ နှင့် အစီရင်ခံစာမှ အဓိက အကြံပြုချက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးဆောင်ရွက်ရန် စီမံခန့်ခွဲမှုစနစ်များ ဖော်ပြရန် | |
| ၁.၂ | အစီရင်ခံစာပါအပိုင်း (Chapter) အလိုက် အဓိကအချက်များအား ဖော်ပြရန်၊ | |
| ၂ | **စက်မှုလက်မှုလုပ်ငန်း၏ အကြောင်းအရာဖော်ပြချက်** | |
| ၂.၁ | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား | |
| ၂.၂ | တည်နေရာ | |
| ၂.၃ | မြေနေရာအကျယ်အဝန်း | |
| ၂.၄ | စတင်တည်ဆောက်ခဲ့သည့်အချိန်ကာလနှင့် လည်ပတ်မှု/ထုတ်လုပ်မှုစတင်ခဲ့သည့် အချိန်ကာလ | |
| ၂.၅ | အဆောက်အဦ အရေအတွက် | |
| ၂.၅.၁ | အဓိက ထုတ်လုပ်မှုဆိုင်ရာ အဆောက်အဦများ | |
| ၂.၅.၂ | ဆက်စပ် အဆောက်အဦများ | |

| ၂.၆ | သုံးစွဲမည့်ဓာတုပစ္စည်းများအပါအဝင်ကုန်ကြမ်းပစ္စည်းများလိုအပ်ချက်နှင့်ရယူသုံးစွဲမှု အခြေအနေ | |
|---|---|---|
| ၂.၇ | လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုနည်းလမ်းများ | |
| ၂.၈ | အသုံးပြုမည့် စက်ပစ္စည်းနှင့် ယန္တရားအင်အား | |
| ၂.၉ | အသုံးပြုမည့် လုပ်သားအရေအတွက် | |
| ၂.၉.၁ | စုစုပေါင်း လုပ်သားအရေအတွက် | |
| ၂.၉.၂ | လုပ်ငန်းစဉ်အလိုက် လုပ်သားအရေအတွက် | |
| ၂.၉.၃ | တစ်ရက် အလုပ်လုပ်ချိန် | |
| ၂.၁၀ | ထုတ်လုပ်မည့် ထုတ်ကုန်နှင့် ထွက်ရှိမှု | |
| ၂.၁၀.၁ | နေ့အလိုက်(သို့မဟုတ်) လအလိုက် (သို့မဟုတ်) နှစ်အလိုက် ထွက်ရှိမှုပမာဏ | |
| ၂.၁၀.၂ | အခြားထွက်ကုန် | |
| ၂.၁၁ | တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ် | |
| ၂.၁၂ | တစ်နှစ်အတွက် စွမ်းအင်လိုအပ်ချက်နှင့်ရယူသုံးစွဲမှု အခြေအနေ | |
| ၂.၁၃ | လုပ်ငန်းဆောင်ရွက်မှုများကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) အမျိုးအစား/ပမာဏ နှင့်စီမံခန့်ခွဲမှုအကျဉ်း | |
| ၂.၁၃.၁ | စွန့်ပစ်ပစ္စည်းထွက်ရှိမှုပမာဏ | |
| ၂.၁၃.၂ | အမျိုးအစားနှင့်ပေါင်းစပ်ပါဝင်မှု | |
| ၂.၁၃.၃ | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းလမ်း | |

| | | |
|---|---|---|
| ၃ | **မြေပုံ နှင့် ကားချပ်များ** | |
| ၃.၁ | ဆောင်ရွက်မည့်စီမံကိန်း၏တည်နေရာနှင့်အနီးပတ်ဝန်းကျင်ကိုရှင်းလင်းပြတ်သားစွာတွေ့မြင်နိုင်မည့်မြေပုံနှင့် အညွှန်းများထည့်သွင်းဖော်ပြရန်၊ | |
| ၃.၂ | လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းစွာသိရှိနိုင်မည့် ကားချပ်များနှင့် အညွှန်းများ ဖော်ပြရန်၊ | |
| ၃.၃ | စွန့်ပစ်ပစ္စည်းများထွက်ရှိမှုနှင့် စွန့်ထုတ်မည့်လုပ်ငန်းစဉ်တို့ကို ရှင်းလင်းစွာဖော်ပြသည့် ကားချပ်များနှင့် အညွှန်းများဖော်ပြရန်၊ | |
| ၄ | **ကတိကဝတ်** | |
| ၄.၁ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါရှိသည့်ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်း များအားဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်အားဖော်ပြရန်၊ | |
| ၄.၂ | စီမံကိန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ စည်းကမ်းသတ်မှတ်ချက်များကိုလိုက်နာမည်ဖြစ်ကြောင်းကတိကဝတ်အားဖော်ပြရန်၊ | |
| ၅ | **မူဝါဒ၊ဥပဒေနှင့် မူဘောင်များနှင့် ဖွဲ့စည်းမှုဆိုင်ရာများ** | |
| ၅.၁ | စက်ရုံ/အလုပ်ရုံ၏ ဆိုင်ရာမူဝါဒများရှိပါကထည့်သွင်းဖော်ပြရန်၊ | |
| ၅.၂ | လိုက်နာရမည့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များ ထည့်သွင်း ဖော်ပြရန်၊ | |

| | | |
|---|---|---|
| ၅.၃ | ဖွဲ့စည်းမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ | |
| ၆ | လက်ရှိပတ်ဝန်းကျင်အခြေအနေ | |
| ၆.၁ | ဆူညံသံ<br>ဆူညံသံနှင့်တုန်ခါမှုတို့၏ လက်ရှိအခြေအနေကိုဖော်ပြရန်၊ | |
| ၆.၂ | ရေအရည်အသွေး<br>မြေပေါ်ရေအရည်အသွေးနှင့် မြေအောက်ရေအရည်အသွေးတို့၏ လက်ရှိအခြေအနေကိုဖော်ပြရန်၊ | |
| ၆.၃ | လေအရည်အသွေး<br>အမှုန်အမွှားနှင့် အနံ့ နှင့် အခြားအရာတို့၏ လက်ရှိအခြေအနေကိုဖော်ပြရန်၊ | |
| ၆.၄ | မြေထုအခြေအနေ<br>မြေအရည်အသွေး၏ လက်ရှိအခြေအနေကိုဖော်ပြရန်၊ | |
| ၆.၅ | ဂေဟာစနစ်(Ecology) တောတောင် အခြေအနေနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ လက်ရှိအခြေအနေကိုဖော်ပြရန်၊ | |
| ၆.၆ | လူမှုပတ်ဝန်းကျင်အခြေအနေ<br>စီမံကိန်းအနီးဝန်းကျင်ရှိလူမှုပတ်ဝန်းကျင်၏ လက်ရှိအခြေအနေကိုဖော်ပြရန်၊ | |

| | | |
|---|---|---|
| ၇ | **ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများထိခိုက်နိုင်မှုလျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ် များ**<br>**ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအလိုက် အဓိကထွက်ရှိနိုင်မည့် ပတ်ဝန်းကျင်အပေါ် ထိခိုက် စေသည့် စွန့်ထုတ်ပစ္စည်း (ဆူညံသံ၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့် စွန့်ပစ်ရေဆိုးများ၊ လေအရည်အသွေး၊ အနံ့၊ ဓာတုပစ္စည်း၊ ရေအရည်အသွေး၊ တိုက်စားမှုနှင့်နုန်း အနည်ကျမှု၊ ဇီဝမျိုးစုံမျိုးကွဲ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်) တို့အားစိစစ်ဖော်ထုတ်၍ ထွက်ရှိနိုင်မည့် ပမာဏနှင့် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ (ထုတ်လွှတ်မှု) အရည်အသွေးလမ်းညွှန်ချက်၊ အခြား လိုက်နာ ဆောင်ရွက်မည့် စံချိန်စံညွှန်းများပါကဏ္ဍအလိုက် တိုင်းတာ လျော့ချရမည့် လုပ်ငန်းစဉ်တို့အား ဖော်ပြရန်၊** | |
| ၇.၁ | ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် လျော့နည်းစေရန် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်၊ | |

| ၇.၂ | ဆောင်ရွက်မည့်လုပ်ငန်း | |
|---|---|---|
| ၇.၃ | ပတ်ဝန်းကျင်ထိခိုက်မှု ဖြစ်ပေါ်ရာ အရင်းအမြစ် | |
| ၇.၄ | လျှော့ချမည့်နည်းလမ်း | |
| ၇.၅ | လျှော့ချခြင်းလုပ်ငန်းများအတွက် တာဝန်သတ်မှတ်မှု | |
| ၇.၆ | ထိခိုက်မှုလျှော့ချခြင်းအတွက် ရန်ပုံငွေ လျာထားချက် | |
| ၇.၇ | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် တိုင်းတာမည့် အကြောင်းအရာအများ | |
| ၇.၈ | စစ်ဆေးမည့် အကြိမ်အရေအတွက် နှင့် အတည်ပြုမည့်နည်းလမ်း | |
| ၇.၉ | စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအတွက် တာဝန်သတ်မှတ်မှု | |
| ၇.၁၀ | အခြားဆောင်ရွက်မည့် အစီအစဉ်များရှိပါက ဖော်ပြရန် | |

| ၈ | ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ် | |
|---|---|---|
| ၈.၁ | ဘေးအန္တရာယ်ရှိလုပ်ငန်းများဖြစ်ပါကလုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားမှု အစီအစဉ်များအားဖော်ပြရန် | |
| ၈.၂ | အရေးပေါ် ဘေးအန္တရာယ်ကျရောက်ပါကဆောင်ရွက်မည့် အစီအစဉ်နှင့် ကြိုတင်ဆောင်ရွက် ထားရှိမှုများအားဖော်ပြရန်၊ | |
| ၉ | အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း | |
| ၉.၁ | လုပ်ငန်းအကြီး/အသေးအလိုက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အမှန်တကယ် ထိခိုက် ခံစားရသည့် ဒေသခံပြည်သူများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ စီမံကိန်း ဆောင်ရွက်မည့် အစီအစဉ်၊ ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများနှင့် လျော့ချမည့်နည်းလမ်းများအား ရှင်းလင်း ဆွေးနွေးရန်၊ | |
| ၉.၂ | ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အမှန်တကယ် ထိခိုက်ခံစားရသည့် ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကြံပြုချက်၊ လိုလားတောင်းဆိုချက်များအား ဖော်ပြရန်နှင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းဖော်ပြရန်၊ | |
| ၉.၃ | အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုရလဒ်များကို ပူးတွဲ ဖော်ပြရန်။ | |

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြခြင်း လုပ်ငန်းစဉ်



# ကျေးဇူးတင်ပါတယ်




Energy, Resource
Input
Process
Output
( Air, Water, Soil Emission)
Environmental and Health Impact
Mitigation
Monitoring